# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

စကားပြောကြေးနန်း
ပါမောက္ခချုပ် - ၀၁-၈၃၉၅၂၀၈
Fax - ၀၁-၈၃၉၅၂၁၂
ဒု-ဌာနမှူး(စီမံ/ဘဏ္ဍာ) - ၀၁-၈၃၉၅၃၆၇
ငွေစာရင်း - ၀၁-၈၃၉၅၂၁၁
ရုံး - ၀၁-၈၃၉၅၂၁၃
- ၀၁-၈၃၉၅၂၁၄


စာအမှတ် ၁၄/ကသရ/၂၀၂၆( [illegible] )တကသ။
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ( ၂၉ )ရက်။

အကြောင်းအရာ။ **(၂၀၂၇)ပညာသင်နှစ် ဘွဲ့လွန်သင်တန်းများဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း။**

ရည်ညွှန်းချက်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏( ၂၅ - ၆ -၂၀၂၆ )ရက်စွဲပါစာအမှတ်၊ ၂(ခ)/၂၅/၂၀၂၆(၆၇၅၃)ကလရ။

(၂၀၂၇)ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများဝင်ခွင့်လျှောက်လွှာများကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ မိမိတို့ဦးစီးဌာန တက္ကသိုလ်များရှိဝန်ထမ်းများ လျှောက်ထားနိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်ပေးပါရန် ဝင်ခွင့်လျှောက်လွှာခေါ်စာ(၂)စုံစီကို ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)သင်တန်း | (၃)နှစ် |
| ၂။ | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်း | (၁)နှစ် |
| ၃။ | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့သင်တန်း | (၁)နှစ် |
| ၄။ | ဆေးပညာသင်ကြားရေးမဟာဘွဲ့သင်တန်း | (၂)နှစ် |
| ၅။ | ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)သင်တန်း | (၉)လ |
| ၆။ | အာဟာရပညာဒီပလိုမာသင်တန်း | (၉)လ |

(ပါမောက္ခဒေါက်တာအောဘိ)
ပါမောက္ခချုပ်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်

**ဖြန့်ဝေခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန။
၂။ ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများအားလုံး၊ ကျန်းမာရေးဝန်ကြီးဌာန။
၃။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄။ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၅။ ညွှန်ကြားရေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန၊ နေပြည်တော်။
၆။ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်။

၇။ ပါမောက္ခချုပ်၊ (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိတက္ကသိုလ်များအားလုံး)

၈။ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ------------------------------- တိုင်းဒေသကြီး/ပြည်နယ်။

၉။ ဘွဲ့လွန်သင်တန်းသားရွေးချယ်ရေးအဖွဲ့ဝင်များအားလုံး၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်။

၁၀။ ကြော်ငြာသင်ပုန်း။

၁၁။ ရုံးလက်ခံ/ မျှောစာတွဲ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ( ၂၉ )ရက်။

**၂၀၂၇ ပညာသင်နှစ်**
**ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း**

၁။ (၂၀၂၇) ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)(Ph.D(Public Health)) (၃)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ MPH (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်သူ့ကျန်းမာရေး) M.Med.Sc(Public Health) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံဘွဲ့(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)M.Med.Sc(P&TM)ဘွဲ့ရရှိသူများ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးဆိုင်ရာမဟာဘွဲ့ တစ်ခုခုရရှိပြီး MPH အတွက် အနည်းဆုံးလိုအပ်သည့် ဘာသာရပ် Credit ရှိသူများ ဖြစ်ပြီး လျှောက်လွှာပိတ်သည့်ရက်တွင် မဟာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံးလုပ်သက် (၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဂ) တစ်ခုထက်ပိုသော မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံ ဘွဲ့ရရှိထားသူဖြစ်ပါက လျှောက်လွှာပိတ်သည့်ရက်တွင် ပထမ မဟာဘွဲ့/ ဆေးပညာမဟာသိပ္ပံဘွဲ့(ပြည်တွင်း/ ပြည်ပ) ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလာပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိသူဖြစ်ရမည်။

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်-**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့်နေ့ရက်/လ/ခုနှစ်နှင့်အမှုထမ်းသက်၊

(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊(အသက်ထောက်ခံစာတင်ပြရမည်)

(င) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ/သခ)၊ အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်နှင့် ထုတ်ယူခဲ့သည့်ရက်စွဲ (သို့မဟုတ်) သက်ဆိုင်ရာလိုင်စင်အမှတ်နှင့်ထုတ်ယူခဲ့သည့်ရက်စွဲ ကိုဖော်ပြရန်၊

(စ) ပညာအရည်အချင်း၊

(ဆ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ၊

(ဇ) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိ ဖော်ပြရန်၊

၄။ **လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-**

(က) လျှောက်လွှာတွင်ဖော်ပြထားသည့်အချက်အလက်များသည်မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးပညာဘွဲ့သင်တန်းနှင့် မဟာဘွဲ့သင်တန်းအမှတ်စာရင်း (Grading Certificate)မိတ္တူများ၊

(ဃ) ဆရာဝန်မှတ်ပုံတင်မိတ္တူ၊ သခ/သနသ-လ မိတ္တူ (ခြွင်းချက်။ ဆမ/သခ/သနသ-လ မိတ္တူများ တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။)

(င) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(စ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)(လွန်ခဲ့သော(၆)လအတွင်းရိုက်ကူးထားသည့်ပုံ)၊

(ဆ) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့ တွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်MD-၀၁၂၆၂၂သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ပေးသွင်းထားသည့်ချလံမူရင်း(၁)စောင်၊ (**မှတ်ချက်**။မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်၏ ငွေစာရင်းအမှတ် MD-၀၁၂၆၂၂သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်၊)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့လိပ်မူ၍ (မပျက်မကွက်) ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့ **(၃၁-၈-၂၀၂၆)ရက် (တနင်္လာနေ့)** နောက်ဆုံးထား၍ ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၂၈-၁၀-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့)** မှ စ၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်၊ ရေးဖြေစာမေးပွဲကို **(၂၉-၁၀-၂၀၂၆)ရက် (ကြာသပတေးနေ့)** တွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့် နေ့ရက် | စစ်ဆေးမည့် အချိန် | မေးခွန်းပုံစံ |
|---|---|---|---|---|---|
| (၁) | ပါရဂူဘွဲ့ (ပြည်သူ့ကျန်းမာရေး) | ကျွမ်းကျင် ဘာသာရပ် | ၂၉-၁၀-၂၀၂၆ | မွန်းလွဲ(၁:၀၀)နာရီမှ (၄:၀၀)နာရီထိ | Essay Type |

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၁၁။ လူတွေ့/နှုတ်မေးစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရစာရင်း ထုတ်ပြန်ကြေညာသည့် အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာမည် ဖြစ်ကြောင်းနှင့် ပါရဂူဘွဲ့သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသ တွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၃။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာ သင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက် လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင် ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၅။ အသေးစိတ်အချက်အလက်များကို စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၊ ဖုန်းနံပါတ်( ၀၉-၄၂၈၅၉၆၁၇၄ / ၀၉-၄၄၈၅၃၄၄၄၇ )တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ Website-http://uph-myanmar.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာအောဘီ)
ပါမောက္ခချုပ်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်

စာအမှတ်၊ ၁၄/ကသရ/၂၀၂၆ ( ၆၂၅ )တကသ။
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ( ၂၆ )ရက် ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ( ၂၉ )ရက်။

**၂၀၂၇ ပညာသင်နှစ်**
**မဟာဘွဲ့သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း**

၁။ (၂၀၂၇) ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပြည်သူ့ကျန်းမာရေးမဟာဘွဲ့<br>Master of Public Health (MPH) | (၁)နှစ် |
| (ခ) | ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့<br>Master of Hospital Administration (MHA) | (၁)နှစ် |
| (ဂ) | ဆေးပညာသင်ကြားရေးမဟာဘွဲ့သင်တန်း<br>Master of Medical Education (M.Med.Ed) | (၂) နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) **ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(MPH) သင်တန်း**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့(B.D.S) (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (B.Med.Tech) (သို့မဟုတ်) ဆေးဝါးသိပ္ပံဘွဲ့(B.Pharm) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)(B.Comm.H) (သို့မဟုတ်) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(B.M.T.M) ရရှိထားသူများ လျှောက်ထားနိုင်သည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၅) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ရရှိပြီးနောက် သတ်မှတ်ထားသောဦးစီးဌာနများတွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

(၆) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ခ) **ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့(MHA)သင်တန်း**

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ရှိသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံလုပ်သက်အတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ ဆေးရုံစီမံခန့်ခွဲရေးလုပ်ငန်းများကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(၅) ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ရရှိပြီးနောက် သတ်မှတ်ထားသောဦးစီးဌာနများတွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

(၆) ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) **ဆေးပညာသင်ကြားရေးမဟာဘွဲ့(M.Med.Ed)သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။ ဆေးပညာမဟာသိပ္ပံဘွဲ့/ ဆေးပညာမဟာဘွဲ့/ ဆေးပညာပါရဂူဘွဲ့ ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၅)နှစ်ပြည့်ပြီးသူ၊ ၎င်း(၅)နှစ်တွင် ဆေးပညာသင်ကြားရေး အတွေ့အကြုံလုပ်သက် အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၅) ဆေးပညာသင်ကြားရေးမဟာဘွဲ့ရရှိပြီးနောက် ဆေးတက္ကသိုလ်များရှိ ဆေးပညာ သင်ကြားရေးယူနစ်(Medication Education Unit)တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၆) ဆေးပညာသင်ကြားရေးမဟာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့်အမှုထမ်းသက်၊

(ဃ) အသက်နှင့်မွေးသက္ကရာဇ်(အသက်ထောက်ခံစာတင်ပြရမည်)၊

(င) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ/ သခ)၊ အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်နှင့်ထုတ်ယူခဲ့သည့်ရက်စွဲ၊ (သို့မဟုတ်) သက်ဆိုင်ရာလိုင်စင်အမှတ်နှင့် ထုတ်ယူခဲ့သည့်ရက်စွဲ ကိုဖော်ပြရန်၊

(စ) ပညာအရည်အချင်း၊

(ဆ) တက်ရောက်လိုသည့်သင်တန်း (တိကျစွာဖော်ပြရန်)၊

(ဇ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ(ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက၊ ဌာနဆိုင်ရာ ထောက်ခံစာနှင့်အတူ တစ်ပါတည်းတင်ပြရမည်။)

(ဈ) ယခင် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရဖူးခြင်းရှိ/မရှိ ဖော်ပြရန်၊

(ည) ပြည်တွင်းဘွဲ့လွန်သင်တန်း တစ်ခုခုတက်ရောက်ဖူးပါက တက်ရောက်ခဲ့သည့် ရက်၊ လ၊ ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်းရှိ/မရှိ ဖော်ပြရန်၊

(ဋ) ပြည်တွင်း/ ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့် လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိ ဖော်ပြရန်၊

၄။ **လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-**

(က) လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးပညာဘွဲ့/သွားဘက်ဆိုင်ရာဆေးပညာဘွဲ့/သူနာပြုသိပ္ပံဘွဲ့(ပုံမှန်/ပေါင်းကူး)/ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့/ ဆေးဝါးသိပ္ပံဘွဲ့/ ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)/ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ အမှတ်စာရင်း(Grading Certificate)မိတ္တူ၊

(ဃ) ဆရာဝန်မှတ်ပုံတင်မိတ္တူ၊ သခ/သနသ-လ မိတ္တူ၊

(င) ဆမ/သခ/သနသ-လ လျှောက်ထားဆဲပုဂ္ဂိုလ်များသည် သင်တန်းကာလ(၁)နှစ်ပြီးမြောက်ပါက ဆမ/သခ/သနသ-လ မိတ္တူအား တင်ပြရန်နှင့် ဆမ/သခ/သနသ-လ မိတ္တူအား တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

(စ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)(လွန်ခဲ့သော(၆)လအတွင်းရိုက်ကူးထားသည့်ပုံ)၊

(ဆ) အသက်ထောက်ခံစာ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(ဇ) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်၏မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၂၆၂၂သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ကို ပေးသွင်းထားသည့် ချလံမူရင်း(၁)စောင်၊ (**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများမှတစ်ဆင့်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် MD-၀၁၂၆၂၂သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့

အစည်းအကြီးအမှူး၏ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့်လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့ လိပ်မူ၍ (မပျက်မကွက်) ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့ **(၃၁-၈-၂၀၂၆)ရက် (တနင်္လာနေ့)** နောက်ဆုံးထား၍ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက်နောက်ကျ၍ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၂၈-၁၀-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့)** မှ စ၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို **(၃၀-၁၀-၂၀၂၆)ရက် (သောကြာနေ့)**တွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့် နေ့ရက် | စစ်ဆေးမည့် အချိန် | မေးခွန်းပုံစံ |
|---|---|---|---|---|---|
| (၁) | ပြည်သူ့ကျန်းမာရေး မဟာဘွဲ့ | ကျွမ်းကျင် ဘာသာရပ် | ၃၀-၁၀-၂၀၂၆ | မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ | MSQ |
| (၂) | ဆေးရုံအုပ်ချုပ်မှု ပညာမဟာဘွဲ့ | ကျွမ်းကျင် ဘာသာရပ် | ၃၀-၁၀-၂၀၂၆ | မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ | MSQ |
| (၃) | ဆေးပညာသင်ကြားရေး မဟာဘွဲ့ | ကျွမ်းကျင် ဘာသာရပ် | ၃၀-၁၀-၂၀၂၆ | မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ | MSQ |

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၁၁။ လူတွေ့/နှုတ်မေးစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၃။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၅။ အသေးစိတ်အချက်အလက်များကို စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၊ ဖုန်းနံပါတ်( ၀၉-၄၂၈၅၉၆၁၇၄ / ၀၉-၄၄၈၅၃၄၄၄၇ ) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ Website- http://uph-myanmar.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာအေးဘီ)
ပါမောက္ခချုပ်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်

စာအမှတ်၊ ၁၄/ကသရ/၂၀၂၆ ( ၆၂၄ )တကသ။
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ( ၂၉ ) ရက် ။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ( ၂၉ )ရက်။

**၂၀၂၇ ပညာသင်နှစ်**
**ဒီပလိုမာသင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း**

၁။ (၂၀၂၇) ပညာသင်နှစ်အတွက် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)<br>Diploma in Hospital Administration (Online) | (၉)လ |
| (ခ) | အာဟာရပညာဒီပလိုမာ<br>Diploma in Nutrition and Dietetics | (၉)လ |

၂။ **လိုအပ်သောအရည်အချင်း**

**(က) ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၅)နှစ်ပြည့်ပြီးသူ၊ ၎င်း(၅)နှစ်တွင် ဆေးရုံလုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ (မြို့နယ်ဆေးရုံများနှင့်တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးမည်)။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(၅) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

**(ခ) အာဟာရပညာဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ဆေးပညာဘွဲ့(M.B.,B.S) (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ (သို့မဟုတ်) သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H) ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ပြည့်ပြီးသူ

နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။ (သူနာပြုသိပ္ပံဘွဲ့(B.N.Sc)(ပေါင်းကူး)(သို့မဟုတ်) ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(B.Comm.H)ရရှိသူဖြစ်ပါက လျှောက်လွှာပိတ်သည့် ရက်တွင် ဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူ ဖြစ်ရမည်။)

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(၄) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်များကိုပြည့်စုံမှန်ကန်စွာဖေါ်ပြပါရှိရမည်**

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့်မွေးသက္ကရာဇ်၊(အသက်ထောက်ခံစာတင်ပြရမည်)

(င) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)၊ အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်နှင့်ထုတ်ယူခဲ့သည့် ရက်စွဲ (သို့မဟုတ်) သက်ဆိုင်ရာလိုင်စင်အမှတ်နှင့် ထုတ်ယူခဲ့သည့်ရက်စွဲ ကိုဖော်ပြရန်၊

(စ) ပညာအရည်အချင်း၊

(ဆ) တက်ရောက်လိုသည့်သင်တန်း (တိကျစွာဖော်ပြရန်)၊

(ဇ) အမှုထမ်းသက်မှတ်တမ်းအပြည့်အစုံ(ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက၊ ဌာနဆိုင်ရာ ထောက်ခံစာနှင့်အတူ တစ်ပါတည်းတင်ပြရမည်။)

(ဈ) ယခင် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရဖူးခြင်းရှိ/မရှိ ဖော်ပြရန်၊

(ည) ပြည်တွင်းဘွဲ့လွန်သင်တန်း တစ်ခုခုတက်ရောက်ဖူးပါက တက်ရောက်ခဲ့သည့် ရက်၊ လ၊ ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်းရှိ/မရှိ ဖော်ပြရန်၊

(ဋ) ပြည်တွင်း/ ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့် လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်းရှိ/မရှိ ဖော်ပြရန်၊

၄။ **လျှောက်လွှာနှင့်အတူအောက်ပါတို့ကိုပူးတွဲပေးပို့ရမည်-**

(က) လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူများ၊

(ဂ) ဆေးပညာဘွဲ့/ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်/ပေါင်းကူး)/ ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) အမှတ်စာရင်း(Grading Certificate)မိတ္တူ၊

(ဃ) ဆရာဝန်မှတ်ပုံတင်မိတ္တူ၊ သနသ-လ မိတ္တူ၊

(င) ဆမ/သနသ-လ လျှောက်ထားဆဲပုဂ္ဂိုလ်များသည် သင်တန်းကာလပြီးမြောက်ပါက ဆမ/သနသ-လ မိတ္တူအား တင်ပြရန် နှင့် ဆမ/သနသ-လ မိတ္တူအား တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

(စ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ)(လွန်ခဲ့သော(၆)လအတွင်းရိုက်ကူးထားသည့်ပုံ)၊

(ဆ) အသက်ထောက်ခံစာ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(ဈ) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၂၆၂၂ သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်- ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းထားသည့်ချလံမူရင်း(၁)စောင်၊ (**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ်-MD-၀၁၂၆၂၂သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့ လိပ်မူ၍ (မပျက်မကွက်) ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်သို့ **(၃၁-၈-၂၀၂၆)ရက် (တနင်္လာနေ့)** နောက်ဆုံးထား၍ပေးပို့ရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ၍ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **(၂၈-၁၀-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့)**မှ စ၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို **(၃၀-၁၀-၂၀၂၆)ရက် (သောကြာနေ့)**တွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၌ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

| စဉ် | သင်တန်း | ဘာသာရပ် | စစ်ဆေးမည့်နေ့ရက် | စစ်ဆေးမည့်အချိန် | မေးခွန်းပုံစံ |
|---|---|---|---|---|---|
| (၁) | အာဟာရပညာ ဒီပလိုမာ | ကျွမ်းကျင် ဘာသာရပ် | ၃၀-၁၀-၂၀၂၆ | မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ | MCQ |

၁၀။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာ(Online)သင်တန်းဝင်ခွင့်ကို လူတွေ့နှုတ်ဖြေစာမေးပွဲစစ်ဆေးပြီး ရွေးချယ်မည် ဖြစ်ပါသည်။

၁၁။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၁၂။ လူတွေ့/နှုတ်မေးစစ်ဆေးမည့်ရက်ကို ဝင်ခွင့်နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၃။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာ မည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၄။ သင်တန်းကိုတက်ရောက်ရန်ရွေးချယ်ခြင်းခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၅။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၆။ အသေးစိတ်အချက်အလက်များကို စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာန၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၊ ဖုန်းနံပါတ်( ၀၉-၄၂၈၅၉၆၁၇၄ / ၀၉-၄၄၈၅၃၄၄၄၇ )တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ Website-http://uph-myanmar.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာအောင်ဘီ)
ပါမောက္ခချုပ်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ရန်ကုန်

စာအမှတ်၊ ၁၄/ကသရ/၂၀၂၆ ( ၆၂၃ )တကသ။
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၉ ) ရက် ။